ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့
(ပဲခူးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့)
နတ်တလင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့
၁၃၈၃ ခုနှစ် ပြာသိုလဆန်း ၅ ရက်
(၂၀၂၂ ခုနှစ် ဇန်နဝါရီ လ ၆ ရက်)

**အရပ်ရပ်အခွင့်အရေးလိုင်စင်များရောင်းချရန်ကြော်ငြာစာအမှတ်( ၅ /၂၀၂၂ )**

၁။ ၂၀၂၂-၂၀၂၃ခု ဘဏ္ဍာရေးနှစ် (၁.၄.၂၀၂၂ မှ ၃၁.၃.၂၀၂၃အထိ) တစ်နှစ်တာ ကာလ အပိုင်းအခြားအတွက် နတ်တလင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အပေါင်ဆိုင် လိုင်စင်များအား သက်တမ်းတိုးစနစ်ဖြင့်လည်းကောင်း၊သားသတ်အခွင့်အရေးလိုင်စင်များအား အညီအမျှ ခွဲဝေချထားခြင်းစနစ်ဖြင့်လည်းကောင်း၊အခြားလိုင်စင်များအားဈေးပြိုင်စနစ်ဖြင့်လည်းကောင်း အောက်ပါအစီအစဉ်အတိုင်း ရောင်းချသွားမည်ဖြစ်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်-

**အရပ်ရပ်အခွင့်အရေးလိုင်စင်များရောင်းချမည့်နေ့ရက်သတ်မှတ်ချက်**

(က) အရပ်ရပ်အခွင့်အရေးလိုင်စင် -(၂၄.၁.၂၀၂၂)တနင်္လာနေ့(ပထမအကြိမ်)
ရောင်းချမည့်နေ့ရက်များ
- (၂.၂.၂၀၂၂) ဗုဒ္ဓဟူးနေ့ (ဒုတိယအကြိမ်)
- (၉.၂.၂၀၂၂) ဗုဒ္ဓဟူးနေ့ (တတိယအကြိမ်)
- (၁၆.၂.၂၀၂၂)ဗုဒ္ဓဟူးနေ့ (ချိတ်ပိတ်တင်ဒါ)
- (၂၃.၂.၂၀၂၂)ဗုဒ္ဓဟူးနေ့ (အခြားနည်း)

(ခ) အရပ်ရပ်အခွင့်အရေးလိုင်စင် - နံနက် (၁၀:၀၀) နာရီ
ရောင်းချမည့်အချိန်

(ဂ) အရပ်ရပ်အခွင့်အရေးလိုင်စင် - မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး၊
ရောင်းချမည့်နေရာ နတ်တလင်းမြို့။

၂။ လိုင်စင်ဆွဲဝယ်လိုသူသည် လိုင်စင်လျှောက်လွှာနှင့်အတူ အောက်ပါစာရွက်စာတမ်းများအား တပါတည်း ပူးတွဲတင်ပြရမည် -

(က) နိုင်ငံသားစိစစ်ရေးကဒ် မူရင်း/မိတ္တူ၊
(ခ) လဝက အိမ်ထောင်စုလူဦးရေစာရင်းပုံစံ (၆၆/၆)၊
(ဂ) သက်ဆိုင်ရာပြည်တွင်းအခွန်ဦးစီးဌာန၏အခွန်၊အခများကင်းရှင်းကြောင်း ထောက်ခံချက်၊
(ဃ) အမှုအခင်းကင်းရှင်းကြောင်း၊သက်ဆိုင်ရာနယ်မြေရဲစခန်း၏ထောက်ခံချက်၊

(င) စားပွဲတင်အာမခံငွေ ပေးသွင်းထားသည့် အထောက်အထား ငွေထုတ်ယူခွင့်အမိန့်

(POP) (Payment Order Private)

၃။ **အောက်ပါပုဂ္ဂိုလ်များအား လေလံဆွဲဝယ်ခွင့်ပြုမည်မဟုတ်ပါ။**

(က) နာမည်ပျက်စာရင်း တင်သွင်းကြေငြာ၍ သက်ဆိုင်ရာဘဏ္ဍာနှစ်အတွက် လိုင်စင်ဆွဲဝယ်ခွင့်ပိတ်ပင်ခံထားရသူများ၊၄င်းနှင့်အတူနေအိမ်ထောင်စုစာရင်းဝင်ပုဂ္ဂိုလ်များ၊သက်ဆိုင်ရာဘဏ္ဍာရေးနှစ်အတွင်း လိုင်စင်ပိတ်သိမ်းခံရသူများ၊

(ခ) လိုင်စင်ရောင်းချချိန်တွင် လိုင်စင်အရစ်ကျငွေနှင့်ရက်လွန်ဒဏ်ကြေးပေးဆောင်ရန်နှင့် အခြားအခွန်အခအကောက်ကြွေးကျန်ရှိ သူများ၊

(ဂ) စည်းကမ်းပါသတ်မှတ်ချက်အရ တင်ပြရမည့်စာရွက်စာတမ်းအထောက်အထားများ ပြည့်စုံစွာတင်ပြနိုင်ခြင်းမရှိသူများ၊

၄။ အရပ်ရပ်အခွင့်အရေးလုပ်ငန်းလိုင်စင်လေလံဝင်ရောက်ဆွဲဝယ်ရာတွင် အညီအမျှခွဲဝေချထားပေးခြင်း စနစ်/သက်တမ်းတိုးစနစ်/ဈေးပြိုင်စနစ်ဖြင့် လေလံအောင်မြင်စွာ ဆွဲဝယ်ရရှိပါကပေးသွင်းရမည့်လေလံကြေး (၅)ပုံ(၁)ပုံ(သို့မဟုတ်)(၂)ပုံ(၁)ပုံ(တိုင်းဒေသကြီးပြင်ပ)အကြေပေးသွင်းရန်သတ်မှတ်သည့် လိုင်စင်ကြေးငွေအား (၈.၄.၂၀၂၂)ရက်နေ့ နောက်ဆုံးထားပေးသွင်းရမည်။ လေလံအောင်မြင်သူများ၏ လေလံကြေးငွေ (၁၀)ပုံ (၁)ပုံ အာမခံငွေအား လိုင်စင်အောင်မြင်စွာဆွဲဝယ်ရရှိပြီးသည်နှင့် တပြိုင်နက်ထဲ စားပွဲတင်အာမခံငွေအဖြစ် တင်သွင်းထားသည့် ငွေထုတ်ယူခွင့်အမိန့် (POP) မှ ခုနှိမ်ပေးသွင်းနိုင်သည်။ လေလံအောင်မြင်သူများသည် မရွှေ့မပြောင်း နိုင်သောပစ္စည်းအာမခံတင်သွင်းပါက မိမိဆွဲဝယ်ရရှိသော လိုင်စင်တန်ဖိုး၏ (၅)ပုံ(၁)ပုံနှင့်ညီမျှသော ငွေသား (သို့မဟုတ်) ငွေစုစာအုပ်တင်ပြရမည်။ တိုင်းဒေသကြီးပြင်ပမှ လေလံအောင်မြင်သူဖြစ်ပါက မရွှေ့မပြောင်းနိုင်သော အာမခံပစ္စည်းတင်သွင်းလျှင် မိမိဆွဲဝယ်ရရှိသော လိုင်စင်တန်ဖိုး၏ (၂)ပုံ(၁)ပုံနှင့်ညီမျှသည် ငွေသား(သို့မဟုတ်) ငွေစုစာအုပ်ကို တင်ပြရမည်။ မည်သည့် လိုင်စင်စီကိုမဆို မရွှေ့မပြောင်းနိုင်သောပစ္စည်း အာမခံတင်သွင်းခြင်းမပြုနိုင်ပါက မိမိဆွဲဝယ်ရရှိသော လိုင်စင်တန်ဖိုးနှင့်ညီမျှသောငွေသား(သို့မဟုတ်)ငွေစုစာအုပ်ကို တင်ပြရမည်။ လေလံမအောင်မြင်သူများ၏ စားပွဲတင်အာမခံငွေများကို လေလံပွဲပြီးဆုံးပြီး(၁၀)ရက်အကြာမှပြန်လည်ထုတ်ပေး မည်ဖြစ်သည်။

၅။ လိုင်စင်ဆွဲဝယ်ခွင့်လျှောက်လွှာများအား သတ်မှတ်ချိန်ထက်နောက်ကျတင်သွင်းခြင်းနှင့် သတ်မှတ် ထားသည့်အချက်အလက်များ ပြည့်စုံမှန်ကန်မှုမရှိပါကလေလံရောင်းချရေးအဖွဲ့မှ လက်ခံစဉ်းစားမည်မဟုတ်ပါ။

၆။ လိုင်စင်ဆွဲဝယ်ခွင့်လျှောက်လွှာတင်သွင်းပြီးနောက် လိုင်စင်ယှဉ်ပြိုင်ရန်အတွက်လေလံခန်းမအတွင်း ဝင်ရောက်ခြင်းမရှိသူများအားလည်းကောင်း၊ လေလံခန်းမအတွင်း လေလံတစ်ခုခြင်းစီအား(၃)ကြိမ်ထက်မနည်း ယှဉ်ပြိုင်မှုမရှိပါကလည်းကောင်း၊ တင်သွင်းထားသောစားပွဲတင်အာမခံငွေကို အဖွဲ့ပိုင်အဖြစ်သိမ်းယူပြီး အမည်ပျက်စာရင်းတင်သွင်းမည်ဖြစ်သည်။

၇။ လိုင်စင်ယှဉ်ပြိုင်ရာတွင် ပန်းကြေးရယူတောင်းခံကြောင်း တိကျစွာဖော်ထုတ်ရရှိပါကပန်းကြေးပေးသူနှင့် ပန်းကြေးရယူသူနှစ်ဦးစလုံးအား လေလံဆွဲဝယ်ခွင့်ကို ရုပ်သိမ်းပြီး ၎င်းတို့အားနာမည်ပျက်စာရင်း တင်သွင်းကြေညာ၍လေလံကိုအသစ်တစ်ဖန်ပြန်လည်ရောင်းချမည်ဖြစ်သည်။

၈။ လိုင်စင်ဆွဲဝယ်ယှဉ်ပြိုင်သူတစ်ဦးတစ်ယောက်သည် လေလံဆွဲဝယ်ရရှိသည့်တိုင် ၎င်းအနေဖြင့်လေလံ ဆွဲဝယ်ရာတွင် သတ်မှတ်ထားသောလေလံစည်းကမ်းနှင့် မကိုက်ညီဘဲ မမှန်မကန်လိမ်ညာ၍ ဆွဲဝယ်ရရှိခြင်းဖြစ် ကြောင်း နိုင်လုံစွာစစ်ဆေးတွေ့ရှိရပါက လေလံချထားခြင်းကို ပြန်လည်ရုပ်သိမ်း၍ အမည်ပျက်စာရင်းတင်သွင်း သတ်မှတ်မည်ဖြစ်သည်။

၉။ လိုင်စင်ဆွဲဝယ်လုပ်ကိုင်ခွင့်ရရှိသူသည် လေလံကြေးငွေကျပ်သိန်း(၂၀)နှင့် အောက်ဖြစ်ပါက လေလံကြေးငွေအား တစ်ကြိမ်တည်း အပြေအကြေပေးသွင်းရမည်။

၁၀။ လိုင်စင်ဆွဲဝယ်လိုသူများသည် ဆွဲဝယ်လိုသောလိုင်စင်အတွက်အဖွဲ့မှသတ်မှတ်ပေးထားသည့်လျှောက်လွှာပုံစံတစ်စောင်စီကို အပိုဒ်(၁)ပါသတ်မှတ်ရက်(၁)ရက်စော၍ ရုံးချိန်အတွင်း နောက်ဆုံးထားလျှောက်ထားပြီး ဆွဲဝယ်ခွင့်မှတ်ပုံတင်ရမည်။ လျှောက်လွှာတင်သွင်းရမည့် နေ့ရက်အချိန်ထက်ကျော်လွန်၍ လျှောက်လွှာတင်သွင်းခြင်းကို သာမန်အားဖြင့် လက်ခံစဉ်းစားမည်မဟုတ်ပါ။

၁၁။ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် အရပ်ရပ်အခွင့်အရေးလုပ်ငန်းလိုင်စင်များ လေလံတင် ရောင်းချခြင်းနှင့်စပ်လျဉ်း၍ အသေးစိတ်သိရှိလိုပါကမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး သို့ တယ်လီဖုန်း အမှတ်(၀၅၃-၃၆၀၃၄)အား ရုံးအချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

အမိန့်အရ
(ကျော်မိုးလွင်၊ဦးစီးအရာရှိ)

စာအမှတ်၊ ၃၂၄ / ဃ-၂ / နတလ (၀၀၁)
ရက်စွဲ ၊ ၂၀၂၂ ခုနှစ် ဇန်နဝါရီ လ ၆ ရက်

**ဖြန့်ဝေခြင်း**

ပဲခူးတိုင်းဒေသကြီးအတွင်းရှိစည်ပင်သာယာရေးအဖွဲ့များအားလုံး၊
ဌာနဆိုင်ရာများအားလုံး
အုပ်ချုပ်ရေးမှူး------------ရပ်ကွက်၊ကျေးရွာအုပ်စု(ကြော်ငြာသင်ပုန်းများတွင်ကြော်ငြာရန်)
လိုင်စင်စီများအားလုံး
ဈေးတာဝန်ခံများ (မြို့မဈေး၊တာပွန်ဈေး၊အေးငြိမ်းသာဈေး)
မိတ္တူကို

ညွှန်ကြားရေးမှူး၊ပဲခူးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့၊ပဲခူးမြို့
ခရိုင်အုပ်ချုပ်ရေးမှူး၊ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊သာယာဝတီမြို့
မြို့နယ်အုပ်ချုပ်မှူး၊မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊နတ်တလင်းမြို့
ဥက္ကဋ္ဌ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ၊ နတ်တလင်းမြို့
သက်ဆိုင်ရာလေလံအမှုတွဲ
လက်ခံစာတွဲ
မျှောစာတွဲ

နတ်တလင်းမြို့နယ်သာသာယာရေးအဖွဲ့ မှ ၂၀၂၂-၂၀၂၃ ခု ဘဏ္ဍာရေးနှစ် အတွက် ရောင်းချမည့်
အရပ်ရပ်အခွင့်အရေးလိုင်စင်များစာရင်း

| စဉ် | လိုင်စင်အမည် | ၂၀၂၂-၂၀၂၃ ခုဘဏ္ဍာရေးနှစ် ကြမ်းခင်းဈေး | POP ဖြင့်တင်သွင်းရမည့် စားပွဲတင်အာမခံငွေ | မှတ်ချက် |
|---|---|---|---|---|
| | **အညီအမျှခွဲဝေချထားပေးခြင်းစနစ်ဖြင့်** | | | |
| | **ရောင်းချမည့်လိုင်စင်များ** | | | |
| ၁ | မြို့မအမဲ | ၁၃၆၄၀၀၀၀ | ၆၈၂၀၀၀၀ | |
| ၂ | ဒမငယ်အမဲ | ၂၀၀၂၀၀၀ | ၁၀၀၁၀၀၀ | |
| ၃ | လှပခြင်း/ပွဲသာအမဲ | ၅၂၈၀၀၀၀ | ၂၆၄၀၀၀၀ | |
| ၄ | မြို့မဝက် | ၁၈၅၆၈၀၀၀ | ၉၂၈၄၀၀၀ | |
| ၅ | တာပွန်ဝက် | ၁၀၀၄၆၀၀၀ | ၅၀၂၃၀၀၀ | |
| ၆ | လှပခြင်းဝက် | ၅၄၅၆၀၀၀ | ၂၇၂၈၀၀၀ | |
| ၇ | ပွဲသာဝက် | ၁၃၂၅၀၀၀ | ၆၆၂၅၀၀ | |
| ၈ | ဒမငယ်ဝက် | ၁၂၉၈၉၀၀၀ | ၆၄၉၄၅၀၀ | |
| ၉ | တောင်ညိုဝက် | ၃၂၉၂၀၀၀ | ၁၆၄၆၀၀၀ | |
| ၁၀ | မြို့မဆိတ် | ၃၀၈၀၀၀၀ | ၁၅၄၀၀၀၀ | |
| ၁၁ | ထောက်ကြံကွင်းဝက် | ၁၁၆၂၀၀၀ | ၅၈၁၀၀၀ | |
| ၁၂ | တာပွန်အမဲ | ၄၁၈၀၀၀၀ | ၂၀၉၀၀၀၀ | |
| | **သက်တမ်းတိုးစနစ်ဖြင့်ရောင်းချမည့်** | | | |
| | **လိုင်စင်များ** | | | |
| ၁၃ | မြို့မအပေါင်ဆိုင်-၁ | ၁၂၆၅၀၀၀ | ၆၃၂၅၀၀ | |
| ၁၄ | မြို့မအပေါင်ဆိုင်-၂ | ၁၁၉၇၀၀၀ | ၅၉၈၅၀၀ | |
| ၁၅ | မြို့မအပေါင်ဆိုင်-၄ | ၁၃၃၁၀၀၀ | ၆၆၅၅၀၀ | |
| ၁၆ | ဓိးကုန်းကလေးအပေါင်ဆိုင်-၂ | ၁၁၉၇၀၀၀ | ၅၉၈၅၀၀ | |
| ၁၇ | ဓိးကုန်းကလေးအပေါင်ဆိုင်-၃ | ၁၂၆၅၀၀၀ | ၆၃၂၅၀၀ | |
| ၁၈ | သာစည်အပေါင်ဆိုင်-၁ | ၁၂၆၅၀၀၀ | ၆၃၂၅၀၀ | |
| ၁၉ | သာစည်အပေါင်ဆိုင်-၂ | ၁၂၉၈၀၀၀ | ၆၄၉၀၀၀ | |
| ၂၀ | သာစည်အပေါင်ဆိုင်-၄ | ၁၂၆၅၀၀၀ | ၆၃၂၅၀၀ | |
| ၂၁ | ရွာမအပေါင်ဆိုင်-၁ | ၁၂၉၈၀၀၀ | ၆၄၉၀၀၀ | |
| ၂၂ | ရွာမအပေါင်ဆိုင်-၂ | ၁၂၇၄၀၀၀ | ၆၃၇၀၀၀ | |

| စဉ် | လိုင်စင်အမည် | ၂၀၂၂-၂၀၂၃ ခုဘဏ္ဍာရေးနှစ် ကြမ်းခင်းဈေး | POP ဖြင့်တင်သွင်းရမည့် စားပွဲတင်အာမခံငွေ | မှတ်ချက် |
|---|---|---|---|---|
| ၂၃ | ရွာမအပေါင်ဆိုင်-၃ | ၁၂၇၄၀၀၀ | ၆၃၇၀၀၀ | |
| ၂၄ | တာပွန်အပေါင်ဆိုင်(၁) | ၁၁၈၀၀၀၀ | ၅၉၀၀၀၀ | |
| ၂၅ | တာပွန်အပေါင်ဆိုင်(၂) | ၁၁၈၀၀၀၀ | ၅၉၀၀၀၀ | |
| ၂၆ | တာပွန်အပေါင်ဆိုင်-၃ | ၁၂၀၆၀၀၀ | ၆၀၃၀၀၀ | |
| ၂၇ | တာပွန်အပေါင်ဆိုင်-၄ | ၁၂၀၆၀၀၀ | ၆၀၃၀၀၀ | |
| ၂၈ | တာပွန်အပေါင်ဆိုင်-၅ | ၁၂၁၇၀၀၀ | ၆၀၈၅၀၀ | |
| ၂၉ | တာပွန်အပေါင်ဆိုင်-၇ | ၁၂၃၉၀၀၀ | ၆၁၉၅၀၀ | |
| ၃၀ | လှပခြင်းအပေါင်ဆိုင် | ၁၀၁၉၀၀၀ | ၅၀၉၅၀၀ | |
| ၃၁ | အုတ်တွင်းကုန်းအပေါင်ဆိုင် | ၁၁၃၁၀၀၀ | ၅၆၅၅၀၀ | |
| ၃၂ | တောင်ညိုအပေါင်ဆိုင် | ၁၁၃၁၀၀၀ | ၅၆၅၅၀၀ | |
| ၃၃ | ကြို့လေးပင်အပေါင်ဆိုင် | ၁၁၃၁၀၀၀ | ၅၆၅၅၀၀ | |
| | **ဈေးပြိုင်စနစ်ဖြင့်ရောင်းချမည့်** | | | |
| | **လိုင်စင်များ** | | | |
| ၃၄ | မြို့မဈေးကောက် | ၁၂၅၈၄၀၀၀ | ၆၂၉၂၀၀၀ | |
| ၃၅ | တာပွန်ဈေးကောက် | ၂၈၆၀၀၀၀ | ၁၄၃၀၀၀၀ | |
| ၃၆ | အေးငြိမ်းသာအာရုဏ်ဈေးဈေးကောက် | ၇၀၁၂၀၀၀ | ၃၅၀၆၀၀၀ | |
| ၃၇ | လှပခြင်းဈေးကောက် | ၂၀၄၆၀၀၀ | ၁၀၂၃၀၀၀ | |
| ၃၈ | မင်းလမ်းစက်ဘီးဂိတ် | ၂၇၂၈၀၀၀ | ၁၃၆၄၀၀၀ | |
| ၃၉ | ဈေးလမ်းစက်ဘီးဂိတ် | ၂၄၃၄၀၀၀ | ၁၂၁၇၀၀၀ | |
| ၄၀ | အေးငြိမ်းသာအာရုဏ်ဈေးစက်ဘီးအပ် | ၄၀၃၁၀၀၀ | ၂၀၁၅၅၀၀ | |
| ၄၁ | ယာဉ်ရပ်နားခွန် | ၈၈၅၀၀၀ | ၄၄၂၅၀၀ | |
| ၄၂ | မြို့မဈေးအိမ်သာကောက် | ၃၆၀၄၀၀၀ | ၁၈၀၂၀၀၀ | |
| | **စုစုပေါင်း** | **၁၄၄၇၇၃၀၀၀** | **၇၂၃၈၆၅၀၀** | |